ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁၊ အမှတ် ၁၂

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်ဦးစီးဌာန၏ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခြင်း။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ၂၀-၃-၂၀၂၆ ရက်နေ့၊ ဇေယျာသီဟခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများအား တွေ့ဆုံပြီး ညွှန်ကြားရေးမှူးချုပ်က ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုရှင်းလင်း တင်ပြခဲ့ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်ဦးစီးဌာန ၊ ပြည်ပအစည်းအဝေးနှင့်ညီလာခံများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာကြသည့် အရာထမ်း(၃)ဦးတို့နှင့် တွေ့ဆုံစဉ်။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဟန်ဝင်းအောင်သည် ပြည်ပအစည်းအဝေးနှင့်ညီလာခံများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက် ရှိလာကြသည့် အရာထမ်း(၃)ဦးတို့နှင့်တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် ၂၀-၃-၂၀၂၆ ရက်နေ့ (၀၈:၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာနသို့ရောက်ရှိလာပြီး ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ)နှင့် ပြည်ပအစည်းအဝေးနှင့် ညီလာခံများတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာကြသည့် အရာထမ်း (၃)ဦးတို့နှင့် အစည်းအဝေးခန်းမ(၁)တွင် တွေ့ဆုံခဲ့ပါသည်။

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်သမိုင်းပြတိုက်သို့လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်သမိုင်းပြတိုက် သို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်သည် အကောက်ခွန်သမိုင်းပြတိုက်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၀-၃-၂၀၂၆ ရက်နေ့၊ ၁၁:၀၀ နာရီအချိန်ခန့်တွင် အကောက်ခွန်ဦးစီးဌာန ရုံးချုပ်မှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန ၊ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ရနောင်း-ကော့သောင်း - ရန်ကုန်နှင့် ရန်ကုန်-ကော့သောင်း-ရနောင်း လမ်းကြောင်းဖြင့် ကုန်ပစ္စည်းများ တင်သွင်းတင်ပို့မှု နှင့်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင်လုပ်ငန်းများ လွယ်ကူစေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ။



**ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးမှ အကောက်ခွန်ဦးစီးဌာန ၊ မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ကုန်ပစ္စည်းများ တင်သွင်းတင်ပို့မှုနှင့်စစ်ဆေးမှုများဆောင်ရွက်ရာတွင် လုပ်ငန်းများ လွယ်ကူ အဆင်ပြေချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။**

၁၄-၃-၂၀၂၆ ရက် ၁၅:၀၀နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟ အစည်းအဝေးခန်းမ၌ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန၊ မူးယစ်တပ်ဖွဲ့စု(၄၄)၊ တိုင်းရဲတပ်ဖွဲ့မှူးရုံး ၊မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည် ကြီးများ အသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံရာဘာ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း၊ ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၊ BOT ဆိပ်ကမ်းတို့ဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး ရန်ကုန် - ရနောင်း နှင့် ရန်ကုန်-ကော့သောင်း-ရနောင်း လမ်းကြောင်းတို့ဖြင့် ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်း ဆောင်ရွက်ရာတွင် လွယ်ကူ ချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးအား ၁၇:၄၀နာရီ အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၏ ၂/၂၀၂၆ ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ။



နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီအောက်ရှိ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဆိုင်ရာနည်းပညာလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၆) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်နည်းပညာလုပ်ငန်း အဖွဲ့ ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ ကျင်းပပြုလုပ်စဉ်။

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအောက်ရှိ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့၏ (၂/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်၊ နေ့လယ် (၁၄:၀၀)နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ MACCSဌာနခွဲ အစည်းအဝေးခန်းမ၌ နည်းပညာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး နည်းပညာ လုပ်ငန်းအဖွဲ့ဝင်ဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင် ရန်အတွက် ဦးဆောင်ကော်မတီ၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် နည်းပညာလုပ်ငန်းအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နည်းပညာလုပ်ငန်းအဖွဲ့၏ အစည်းအဝေးကျင်းပခဲ့မှု အခြေအနေ၊ ပြည်တွင်း၊ ပြည်ပ နည်းပညာကုမ္ပဏီများနှင့် ဆွေးနွေးမှုအခြေအနေများကို တက်ရောက်လာကြသည့် နည်းပညာလုပ်ငန်း အဖွဲ့ဝင်ဌာနများမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး အစည်းအဝေးအား (၁၅:၁၅) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင် ဒု-အကောက်ခွန်မှူးရာထူးမှ ဒု-အကောက်ခွန်မှူးရာထူးအဆင့် ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၊ အလုပ်သင်ဒု-အကောက်ခွန်မှူးရာထူးမှ ဒု-အကောက်ခွန်မှူးရာထူးအဆင့် ချီးမြှင့်ခြင်းအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းတို့မှ ဒု-အကောက် ခွန်မှူး ရာထူးချီးမြှင့်စဉ်။**

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ပြင်ပမှခေါ်ယူခန့်ထားခဲ့သော အလုပ်သင် ဒုတိယအကောက်ခွန်မှူးများအား အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူးမှ ဒုတိယအကောက်ခွန်မှူးရာထူးအဆင့် ချီးမြှင့်ခြင်းအခမ်းအနားကို ၁၁-၃-၂၀၂၆ ရက်နေ့ ၀၉:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာနရုံးချုပ် ဇေယျာသီဟခန်းမ၌ ပြုလုပ်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ တက်ရောက် ချီးမြှင့်ခဲ့ကြပါသည်။

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ကုမ္ပဏီ(၇) ခုတို့အကြား X-Ray စက် အသုံးပြု၍ အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်များချုပ်ဆိုခြင်းအခမ်းအနားကျင်းပ။




ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် X-Ray စက်များ ရင်းနှီး မြှုပ်နှံသည့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ကုမ္ပဏီ (၇) ခုတို့အကြား X-Ray စက် အသုံးပြု၍ အကျိုးတူ ဆောင်ရွက်ခြင်း သဘောတူစာချုပ်များ ချုပ်ဆိုခြင်း

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် X-Ray စက်များ ရင်းနှီးမြှုပ်နှံသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန (ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ)၊ ကုမ္ပဏီ(၇) ခုတို့အကြား X-Ray စက် အသုံးပြု၍ အကျိုးတူဆောင်ရွက်ခြင်း သဘောတူစာချုပ်များချုပ်ဆိုခြင်းအခမ်းအနားအား၂၅.၃.၂၀၂၆ ရက်နေ့ ၁၀;၀၀ အချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ ၊ အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။ သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးခြင်းအားဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ တင်သွင်း၊ တင်ပို့ကုန်ပစ္စည်းများအား စစ်ဆေးရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စက်စွမ်းအားဖြင့် X-Ray Machine များနှင့် စစ်ဆေးခြင်းဖြင့် ကုန်စည်စီးဆင်းမှု နှင့် ကုန်သွယ်မှုများ ပိုမိုလျင်မြန်စေခြင်း၊ X-Ray Scanning Machine များနှင့်စစ်ဆေးခြင်းဖြင့် ကုန်သေတ္တာများ၊ ယာဉ်များအတွင်း သို၀ှက်ဖုံးကွယ် သယ်ဆောင်လာနိုင်သော လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သောဆေးဝါးများနှင့် တရားမဝင်ကုန်ပစ္စည်းများအား စစ်ဆေးဖော်ထုတ် ဖမ်းဆီးခြင်းများကို ပိုမို ထိရောက်စွာ ကာကွယ်တားဆီးဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကဘဏ် (၆) ဘဏ်တို့အကြား MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပ။



အကောက်ခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကဘဏ်(၆)ဘဏ်တို့အကြား MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပစဉ်။

အကောက်ခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကဘဏ်(၆)ဘဏ်တို့အကြား MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာသဘောတူစာချုပ်အား ၃၀-၃-၂၀၂၆ ရက်နေ့ နံနက် (၁၀း၀၀) အချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အစည်းအဝေးခန်းမ(၁)၌ လက်မှတ်ရေးထိုးခဲ့ပြီး ပုဂ္ဂလိကဘဏ်(၆) ဘဏ်ဖြစ်သော ရောဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် သမဝါယမဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်နှင့်ရိုးမဘဏ် လီမိတက်တို့ဖြင့် ၁-၄-၂၀၂၆ ရက်နေ့မှစ၍ သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ရန်ကုန်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်နှင့် မန္တလေးမြို့တို့တွင် စတင်အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ် ပါသည်။



**အကောက်ခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကဘဏ် (၆) ဘဏ်တို့အကြား MACCS Online Payment System ဝန်ဆောင်မှုဆိုင်ရာသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပပြီးမှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးစဉ်။**

အကောက်ခွန်ဦးစီးဌာန၏ MACCS Online Payment System အား ပုဂ္ဂလိကဘဏ် (၃)ဘဏ်ဖြစ်သည့် ရောဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် သမဝါယမဘဏ်လီမိတက်တို့၏ Internet Banking၊ Mobile Banking တို့ဖြင့် ချိတ်ဆက်ပြီး MACCS စနစ် အသုံးပြုသည့် သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် ရန်ကုန်ဒေသမှာ ရန်ကုန်ရေိယာတွင်၂၃-၅-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မြဝတီ နှင့် တာချီလိတ် နယ်စပ်ဒေသများတွင် ၁-၁-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ ကော့သောင်း၊ မြိတ်နှင့် မန္တလေးမြို့များတွင် ၁-၄-၂၀၂၅ ရက်နေ့တွင်လည်းကောင်း အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးမှုကော်မတီ ၊ မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ Article 2.1.1 အရ ဒီဂျစ်တယ် ငွေပေးချေမှုစနစ်များ (Digital Payments) ကျယ်ပြန့်စွာနှင့် လုံခြုံစွာအသုံးပြုလာနိုင်စေရန်နှင့် အချင်းချင်းအပြန်အလှန်ချိတ်ဆက်လုပ်ဆောင်နိုင်ရေးဆောင်ရွက်ရန်နှင့် Article 2.1.2 အရ ပြည်သူများအားလုံးမှ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများကို အသုံးပြုနိုင်စေရန်နှင့် ငွေစက္ကူများကိုင်တွယ်အသုံးပြုသည့်စနစ်ကို ထိရောက်စွာလျှော့ချနိုင်စေရေး၊ ခေတ်မီဒီဂျစ်တယ်နည်းပညာများ အသုံးပြု၍ပိုမိုတိုးတက်အောင် အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် MACCS Online Payment System အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

# တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူး အုပ်ချုပ်ခွင့်ရဒေသတွင် ကျင်းပခဲ့သည့် နည်းပညာသုံးခေတ်မီအကောက်ခွန်စနစ်ဆိုင်ရာ ဒေသတွင်းညီလာခံတက်ရောက်စဉ်။





တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် နည်းပညာသုံးခေတ်မီ အကောက်ခွန်ဆိုင်ရာ ဒေသတွင်းညီလာခံသို့ ကိုယ်စား လှယ်များအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးနှင့် ဦးစီးအရာရှိ ဦးမျိုးမင်းသန့် တို့ တက်ရောက်စဉ်။

တရုတ်နိုင်ငံ၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် နည်းပညာသုံး ခေတ်မီ အကောက်ခွန်ဆိုင်ရာ ဒေသတွင်းညီလာခံကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားကို ကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Custom Organization)၊ကမ္ဘာတစ်ဝန်းရှိအကောက်ခွန်အဖွဲ့အစည်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး နှင့် တီထွင်မှုနှင့်နည်းပညာကဏ္ဍတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအနေဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမိုးကျော်အေး နှင့် ဦးစီးအရာရှိ ဦးမျိုးမင်းသန့် တို့တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီး အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ မတ်လ (၁) ရက် မှ (၃၁) ရက်အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၃၂၄ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်း ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





၂၇-၃-၂၀၂၆ ရက်နေ့ (၂၁:၃၀)နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Tin Maung Lwin (PP.No-MK054842) သည် MAI Airline ၊ လေယာဉ်ခရီးစဉ်အမှတ် 8M-802/SF-3385 ဖြင့် ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်နှင့်အတူ ပါရှိလာသော Hand Carry များအား Arrival Exit-B X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့ နှင့် (YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Used) Samsung Galaxy S24 Ultra (256GB) (4)U C/O- Not Foundအပါ (Used mobile phone- ၁၁ မျိုး ) ခန့်မှန်း တန်ဖိုးကျပ် (၈၆,၀၀၀,၀၀၀/-) အား အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၀-၃-၂၀၂၆ ရက်နေ့ (၀၁:၀၀)နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Aung Kyaw Zaw (PP.No- MK133500) သည် MAI Airline ၊ လေယာဉ်ခရီးစဉ်အမှတ် 8M-373/SF-3068 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်နှင့်အတူ ပါရှိလာသော ပစ္စည်းအား Airside X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် (YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Brand - INFLUVAC TETRA influenza Vaccine by Abbott 2026 Season without needle (0.5ml prefilled syringe) Expired Date: 1/2027၊ C/O-Netherland (1 Box x 120 U) (5)Box ခန့်မှန်းတန်ဖိုးကျပ် (၂၄,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







တရားမဝင်ကုန်စည်များ မန္တလေးတိုင်းဒေသကြီးအတွင်း တင်သွင်း/တင်ပို့မှု မရှိစေရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ၏ ကြပ်မတ်မှုဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မြသိန်း ဦးစီးသော တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များသည် ရွှေကျင်စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်စဉ် ၁၆-၃-၂၀၂၆ ရက်နေ့ ၂၂:၀၀ နာရီ အချိန်တွင် မိုးကုတ်မှမန္တလေးသို့ ယာဉ်မောင်း ဦးစိုးထွန်းကျော်(ဘ)ဦးသန်းစောင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၉/ပကခ(နိုင်) ၀၇၀၀၆၁ ကိုင်ဆောင်သူ မောင်းနှင်လာသော Mitsubishi Fuso Fighter FK71RG Truck (4x2)(R), Model-2005,(C/O-Japan)(6W) အမျိုးအစား၊ ယာဉ်အမှတ်၊ 6K/9534 ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင် တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် အထွေထွေကုန်စည်များ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ခေါ်ဆောင်စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်ပေါ်တွင်ပါရှိလာသည့် ကုန်ပစ္စည်းများအား ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးရာ ယာဉ်ပေါ်၌ တရားဝင် တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် BRK LED Strip(10m (1x100Pcsx20Boxes)(2000)Pcs အပါအဝင် ကုန်ပစ္စည်း(၁၇)မျိုး ခန့်မှန်းတန်ဖိုးကျပ် (၁၁၉,၈၅၇,၅၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အကောက်ခွန်ဦးစီးဌာနသည် ၆-၂-၂၀၂၆ ရက်နေ့ (၀၇:၀၀) နာရီ အချိန်ခန့်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြစ်ကြီးနားခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့သည် တပ်မတော် လုံခြုံရေးတပ်ဖွဲ့နှင့်ပူးပေါင်း၍ ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအုပ်စု၊ မှန်ပြတောင်ခြေအနီး ကုန်ထုတ်လမ်းပေါ်ရှိ မြေကွက်လပ်တွင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ရပ်နားထားကြောင်း ချပြ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်(၆၁)စီးအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် (၆၁) စီး အနက်မှ Dong Feng, YGN -35, 6H-1273 (22W) ,TYPE–TRACTOR HEAD,Chassis No–LGAG4DY31J8039608, Engine Power-13064CC ,Model Year– 2018,C/O –Not Found အား စစ်ဆေးခဲ့ရာ Electric Two Wheel Motorcycle Brand – AIMA, Model Year – 2026(Without Battery) - 67U အပါ ကုန်ပစ္စည်း(၃)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၄၉,၈၆၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု




၂၆-၃-၂၀၂၆ ရက်နေ့ ၁၀:၁၅နာရီ အချိန်ခန့်တွင် မြိတ်မြို့၊အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနှင်းမောင်နှင့် မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး လက်/ညွှန်မှူး ဦးကျော်လင်းမြိုင် တို့၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိဦးကျော်ဇေယျ ဦးစီးသော အကောက်ခွန်ဝန်ထမ်း (၄)ဦး ပါဝင်သည့် အကောက်ခွန်စစ်ဆေးရေးအဖွဲ့ မြိတ်မြို့နယ်အတွင်း တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ရန် ကင်းလှည့်စစ်ဆေးရာ၌ မြိတ်မြို့၊ အင်းလေးမြိုင်ရပ်ကွက်၊ စက်မှုဇုံလမ်း၊ ငါးလေလံဈေးအနီးတွင် ကုန်ပစ္စည်းများအား ပိုင်ရှင်မဲ့ စုပုံထားသည်ကို တွေ့ရှိရ၍ စစ်ဆေးကြည့်ရှုရာ တရားမဝင်ကုန်ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် ဘီယာဖာများအား စစ်ဆေးတွေ့ရှိရသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မြိတ်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ သယ်ဆောင်လာခဲ့ပြီး၊ အဆိုပါ တရားမဝင်ကုန်ပစ္စည်းများအား အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ အသေးစိတ် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်းများ ပါရှိခြင်းမရှိသော တရားမဝင်ကုန်ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် BEER ၊ BRAND – SINGHA ( 330 ml x 24 can ) = 1 Pkg ၊ C/O – THAILAND ( 60 )Pkgs အပါ ကုန်ပစ္စည်း(၂)မျိုး၊ ခန့်မှန်းတန်ဖိုး ကျပ် (၄,၅၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ မတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၀၄၆၈.၅၃၆ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု




၂၅-၃-၂၀၂၆ ရက်နေ့ (၁၀:၀၀) နာရီအချိန်ခန့် တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားမည့် မော်တော်ယာဉ်အမှတ်၊ 6B-4010၊ မော်တော်ယာဉ်အမျိုးအစား၊ PICKUP (4X2)(L) ယာဉ် အား ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တာ၀န်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ အသုံးအဆောင်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Brand New Mobile Phone, Brand - Samsung, Model - A37 5G (8GB/256GB), C/O - Vietnam - 40Uအပါ မိုဘိုင်းဖုန်း (၆)မျိုး စုစု ပေါင်းအရေအတွက်(240) Uခန့်မှန်းတန်ဖိုးကျပ် (၅၃၈,၂၅၀,၀၀၀/-) အမှုတွဲဖွင့်လှစ်တားဆီးခဲ့ပါသည်။